ပုံစံ(၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၅၆/၂၀၁၅)

| | |
|---|---|
| Mr.Tsuyoshi Nishiyama(MD)<br>Japan ၊ PP No. TK.0000474 ၊<br>Mani Yangon Co.,Ltd၊<br>အမှတ်(၆၃၀)၊ လှည်းဒုတ်ချောင်းကွင်းကျေးရွာ၊<br>ပြည်လမ်း၊ မှော်ဘီမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးကျော်မြင့်ပါ(၂၄၆)ဦး<br>အမှတ်(၇၄၆)လေထီးလမ်း၊<br>တပ်ကြီးကုန်း၊ မှော်ဘီမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ပြည်လမ်း၊ လှည်းဒုတ်ချောင်းကွင်းကျေးရွာ၊ အမှတ် (၆၃၀)ရှိ Mani Yangon Co.,Ltd (MD)Mr.Tsuyoshi Nishiyama နှင့် အလုပ်သမား ဦးကျော်မြင့်ပါ(၂၄၆)ဦး တို့ဖြစ်ပွားကြသောအငြင်းပွားမှုကို မှော်ဘီမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၉၁/၂၀၁၅)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၅ ခုနှစ်၊အောက်တိုဘာလ ၂၉ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံတွင် လုပ်ခလစာတိုးမြှင့် တောင်းဆိုသည်မှဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၂) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှအောက်ပါကောက်ချက်(၂)ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** တောင်းဆိုသူများဘက်မှ Daily Allowance, Performance Allowance, Technician Allowance တို့အား လက်ရှိပြဋ္ဌာန်းလစာတွင် ငင်းခေါင်းစဉ်များအတိုင်းပေးပါရန်နှင့် Basic ကိုသာ အနိမ့်ဆုံးလစာပြည့်မီအောင် တပြေးညီတိုးပေးရန် တောင်းဆိုချက်အားခွင့်ပြုသင့်ပါသလား။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ခေါင်းစဉ် ၃ ခုပေါင်းထားသော အခြေခံလစာနှင့် Performance ကြေးအား ဆက်လက်ခံစားခွင့်ပြုရန်။

**ကောက်ချက်အမှတ်(၂)။** ပြောင်းလဲလိုက်သော အခြေခံလစာအပေါ်တွင် လုပ်သက်ဆုကြေးအဖြစ် ၂%တိုးပေးရန်သင့်ပါသလား။

**ဆုံးဖြတ်ချက်အမှတ်(၂)။** လုပ်သက်အနအရင့်အလိုက် အခြေခံလစာနှင့် Performance ကြေးအပြင်လုပ်သက်ဆုကြေးအားအခြေခံလစာ၏၁% အဖြစ် ၁၀/၂၀၁၅ လစာမှစ၍ တွက်ချက်ခံစားခွင့်ပြုရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၉၁/၂၀၁၅)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် Mani Yangon Co.,Ltd (MD)Mr.Tsuyoshi Nishiyama မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့်အလုပ်သမားအလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၅)ဖြင့်ခုံသမာဓိကောင်စီအမှုအမှတ်(၅၆/၂၀၁၅)အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့် တင်ပြလာသောစာရွက်စာတမ်းအထောက်အထား

များ၊ စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

ကောက်ချက်အမှတ်(၁)။ Daily Allowance, Performance Allowance, Technician Allowanceတို့အားလက်ရှိပြဋ္ဌာန်းလစာတွင် ခေါင်းစဉ်များအတိုင်း ပေးရန်နှင့် Basic ကိုသာအနိမ့်ဆုံးလစာပြည့်မီအောင် တစ်ပြေးညီ တိုးပေးရန်။

ကောက်ချက်အမှတ်(၂)။ လုပ်သက်အလိုက် အခြေခံလစာနှင့် Performance ကြေးအပြင် လုပ်သက်ဆုကြေးအား အခြေခံလစာ၏ ၁%အဖြစ် ၁၀/၂၀၁၅ လမှ စ၍ခံစားခွင့်ပြုရန်။

သုံးသပ်ချက်။ ဖြစ်ပွားသည့်အမှုမှာ အခြေခံလစာအား အနည်းဆုံးအခကြေးငွေ အမိန့်အရပေးချေနိုင်ရန် ပြန်လည်သတ်မှတ်ရာမှစ၍ အစပြုခြင်း ဖြစ်ပါသည်။ နှစ်ဘက်ထွက်ဆိုချက်များအရ စက်ရုံရှိအလုပ်သမားအားလုံးအား အနည်းဆုံးအခကြေးငွေ အမိန့်ပါနှုန်းထား (ကျပ်-၃၆၀၀/-)အရ ပေးရမည့်လစာငွေထက်မနည်းစေဘဲ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလစာကို ပေးချေ/လက်ခံခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ရရှိသည့် တစ်လတာဝင်ငွေပေါင်းထက် မနည်းစေဘဲပေးချေ/လက်ခံခဲ့ပြီးဖြစ်ကြောင်းလည်းတွေ့ရှိရပါသည်။

အမှုမှာ လုပ်ခလစာတိုးတောင်းသည့် သဘောဖြစ်နေပါသည်။ ထို့ပြင် အနည်းဆုံးအခကြေးငွေအမိန့်မသတ်မှတ်မီ ခံစားခွင့်ရှိသည့် လုပ်သက်ကြေးကို တောင်းခံသည့်သဘောလည်း သက်ရောက်ပါသည်။

ဤအမှုနှင့်ပတ်သက်၍ အလုပ်သမားများအား အမှုမစစ်ဆေးမီ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၏ ၁၇-၃-၂၀၁၄ ရက်စွဲပါ အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များညွှန်ကြားစာအပိုဒ် ၄(ခ)၊ (၁)နှင့် (၂)အရ ဆောင်ရွက်ရန် ညွှန်ကြားမှု ရှိသကဲ့သို့ အထက်ဖော်ပြပါ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်အရလုပ်ခလစာတိုးမြှင့်ခံစားခွင့်ပေးရေးနှင့်ဆက်နွယ်နေသည့်လုပ်သက်ကြေး ခံစားခွင့်ပြုရန်ကိစ္စမှာ ခုံသမာဓိကောင်စီ၏

#4202 P.001
23/11 2015 14:30

စီရင်ဆုံးဖြတ်ပိုင်ခွင့်အတွင်းမရှိသဖြင့်ရန်ကုန်တိုင်းခုံသမာဓိကောင်စီ၏ အမိန့်ကိုပလပ်ရမည့် အနေအထားရှိပါကြောင်း၊ အထက်ပါဥပဒေ၊ အမိန့်ညွှန်ကြားချက်ကို မျက်ကွယ်ပြု၍ ခုံသမာဓိကောင်စီက ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့အမိန့်ကို အတည်ပြုပေးရန် မဖြစ်နိုင်ပါ။ လုပ်ငန်း၏တိုးတက်မှု အကျိုးအမြတ်ပေါ်အခြေခံ၍ အလုပ်ရှင်ဘက်မှ လုပ်သက်အပေါ် သင့်တင့်သော ရာခိုင်နှုန်းတိုးပေးရန် မေတ္တာရပ်ခံညှိနှိုင်းမှုအား အလုပ်သမားများ သဘောတူလျှင် ဆောင်ရွက်ပေးနိုင်ကြောင်းကိုတင်ရှင်းလင်းပြောကြားခဲ့သည်။

အလုပ်သမားများကလည်း ယခုယင်းတို့ရရှိနေသည့် အခြေခံလစာအပေါ်တွင် ၂၀၁၅ ခုနှစ်၊ နိဝင်ဘာလမှစ၍ ၁% ရရှိရေးညှိနှိုင်းပေးရန်သဘောတူသဖြင့်၊ အမှုကိုစစ်ဆေးမှုစတင်ပြီး အလုပ်ခွင်သာယာရေး၊ အလုပ်ရှင်/အလုပ်သမားဆက်ဆံမှုကောင်းမွန်ရေးကို ရှေးရှုစစ်ဆေး ကြားနာခဲ့ရာ အလုပ်ရှင်ဘက်မှလည်း ၂၀၁၅ ခုနှစ် နိုဝင်ဘာလ လစာမှစတင်၍လုပ်သက်ဆုကြေးအဖြစ်လစာအပေါ် ၁%တိုးပေးရန်ဆန္ဒထုတ်ဖော်ခဲ့ပါသည်။

ယင်းသို့နှစ်ဦးနှစ်ဖက်၏ သဘောထားများကိုအခြေခံ၍ အလုပ်သမားများအား အလုပ်ရှင်၏ ဆန္ဒသဘောထားကို ခုံသမာဓိကောင်စီမှ အလုပ်ရှင်ရှေ့မှောက်တွင်စုံညီ ရှင်းလင်းပြောကြားသောအခါ အလုပ်သမားများက လုပ်သက်အလိုက် ၁% တိုးပေးမှုကို အနိမ့်ဆုံး လစာပြဋ္ဌာန်းချက်မတိုင်မီ မိမိတို့အလုပ်စတင်ဝင်ရောက်ချိန်မှ လုပ်သက်အလိုက်တွက်ချက်၍ ခံစားခွင့်ရလိုကြောင်း တင်ပြလာပါသည်။

အလုပ်သမားများ၏ တောင်းဆိုချက်ကိုအလုပ်ရှင်ကသဘောမတူပါ။ လုပ်ခလစာတိုးမြှင့်သတ်မှတ်ခြင်း၊ လျော်ချသတ်မှတ်ခြင်းဆိုင်ရာ ကိစ္စများမှာ အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဘက်သဘောတူညီမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သောကိစ္စဖြစ်ပါသည်။ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည်ပင်လျှင်အလုပ်ရှင်ကိုယ်စားလှယ်၊အလုပ်သမားကိုယ်စားလှယ်၊ နိုင်ငံရေးနှင့် ဥပဒေပညာရှင်များပါဝင်ဆွေးနွေးအတည်ပြုချက်ရယူခဲ့ရပါသည်။

#4202 P.002
23/11 2015 14:31

ယင်းပြဿနာကို ခုံသမာဓိကောင်စီတစ်ဖွဲ့တည်းက သတ်မှတ်ဆုံးဖြတ်ရန် လျော်ကန်သင့်မြတ်ခြင်းမရှိနိုင်ကြောင်း ခုံသမာဓိကောင်စီက သုံးသပ်တွေ့ရှိပါသည်။

သို့ဖြစ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်ပါသည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်သမားများအား အနည်းဆုံးအခကြေးငွေ နှုန်းထားနှင့်အညီ ဖြစ်စေရန်၊ လုပ်ခလစာ ပြင်ဆင်တွက်ချက်၍ အလုပ်ရှင်မှ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွက် လုပ်ခလစာကို အလုပ်သမားများအားပေးချေပြီးဖြစ်ရာ ထိုအတိုင်းဆက်လက်ပေးချေစေရန် ဆုံးဖြတ်လိုက်သည်။

**ဆုံးဖြတ်ချက်အမှတ်(၂)။** အလုပ်သမားများ၏ တောင်းဆိုချက်မှာ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းအစီအစဉ်များအရ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးရမည့် အငြင်းပွားမှုတွင် အကျုံးဝင်ခြင်းမရှိသဖြင့် အလုပ်သမားများ၏ တောင်းဆိုချက်ကို ပလပ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင်ဖော်ပြထားသောနေ့ရက်နေ့မှစ၍အာဏာတည်စေရမည်။

၂၈၊ ၁၀၊ ၂၀၁၅

| ဦးထွန်းအောင် | ဦးအောင်သန်း | ဦးနေမင်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |